ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ၂၀၁၆ – ၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ်
# ချင်းပြည်နယ်၏
# နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ

## ၂၀၁၆ – ၂၀၁၇ ခု ၊ ဘဏ္ဍာရေးနှစ်
## ချင်းပြည်နယ်၏နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ
## ( ၂၀၁၆ ခုနှစ်၊ ချင်းပြည်နယ်လွှတ်တော်ဥပဒေအမှတ် ၆ ။ )

၁၃၇၈ ခုနှစ်၊ နတ်တော်လကွယ်နေ့

( ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက် )

ချင်းပြည်နယ်လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း(၁)

### အမည်နှင့် အကျိုးသက်ရောက်သည့်ကာလ

၁။ (က) ဤဥပဒေကို ၂၀၁၆ – ၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ် ချင်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၁၆–၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ်အတွက် အကျိုးသက်ရောက်စေရမည်။

### အခန်း(၂)

### နောက်ထပ်အသုံးစရိတ်များကို ခွင့်ပြုလျာထားပေးခြင်းနှင့် စီမံခန့်ခွဲခြင်း

၂။ (က) ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများ၊ ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၊ စည်ပင်သာယာရေးအဖွဲ့အစည်းများနှင့်စပ်လျဉ်း၍ ဇယား(၁)၊ (၂)နှင့် (၃) တို့တွင် ခွင့်ပြုထားသော သုံးငွေတို့အတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိနှင့် ယှဉ်တွဲ ဖော်ပြထားသော သက်ဆိုင်ရာသုံးငွေများကို သုံးစွဲနိုင်သည်။

(ခ) ပုဒ်မခွဲ (က) တွင် ခွင့်ပြုထားသည့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းသည် ၂၀၁၆ ခုနှစ်၊ ချင်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေအရ သို့မဟုတ် ၂၀၁၆ခုနှစ်ချင်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေအရ ခွင့်ပြုထားသည့် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲခြင်းအပြင် နောက်ထပ် သုံးစွဲခြင်း ဖြစ်သည်ဟု မှတ်ယူရမည်။

၃။ (က) ပုဒ်မ ၂ ပါ တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား တာဝန်ပေးအပ်သည့်သုံးငွေကို စီမံခန့်ခွဲရန် မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ခ) သုံးငွေကို စီမံခန့်ခွဲရာတွင် ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ၂၀၁၆ ခုနှစ်၊ ချင်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊အမိန့်ကြော်ငြာစာများ၊အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများ နှင့်အညီ ဆောင်ရွက်ရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ် ရေးထိုးသည်။

ဆလိုင်းလျန်လွှယ်
ဝန်ကြီးချုပ်
ချင်းပြည်နယ်အစိုးရအဖွဲ့

# ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်

ဇယား(၁)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ၂၀၁၆ ခုနှစ် ချင်းပြည်နယ်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေပါ အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ: ထုတ်ချေးငွေ | ကြွေးမြီ: ချေးယူရငွေအတွက် ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | ၁ | ပြည်နယ်အစိုးရအဖွဲ့ | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | | | | ၂၄၉၉.၇၈၅ | | | | ၂၄၉၉.၇၈၅ |
| ၂ | ၂ | ပြည်နယ်လွှတ်တော် | ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးသူ | ၃၁.၆၃၀ | | | ၁၁၃.၁၅၀ | | | | ၁၄၄.၇၈၀ |
| ၃ | ၃ | ပြည်နယ်တရားလွှတ်တော် | ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်က တာဝန်ပေးသူ | ၃.၅၂၅ | | | | | | | ၃.၅၂၅ |
| | | ပေါင်း | | ၃၅.၁၅၅ | | | ၂၆၁၂.၉၃၅ | | | | ၂၆၄၈.၀၉၀ |

## ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ

ဇယား(၂)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | ၂၀၁၆ခုနှစ် ချင်းပြည်နယ်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေပါ အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | |
| | | | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | | |
| ၁ | | ၂ | | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | | ၁ | | ပြည်ထဲရေး | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် | ၇၇၂. ၅၇၉ | | | ၈၂. ၃၅၀ | | | | ၈၅၄. ၉၂၉ |
| | ၁ | | ၁ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၇၇၂. ၅၇၉ | | | ၅၅. ၇၈၀ | | | | ၈၂၈. ၃၅၉ |
| | ၂ | | ၂ | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | | | | | ၂၆. ၅၇၀ | | | | ၂၆. ၅၇၀ |
| ၂ | | ၂ | | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း | ၎င်း | ၁၇. ၆၇၅ | | | | | | | ၁၇. ၆၇၅ |
| | ၁ | | ၃ | မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | | ၁၇. ၆၇၅ | | | | | | | ၁၇. ၆၇၅ |
| ၃ | | ၃ | | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး | ၎င်း | | | | ၄၄. ၈၃၃ | | | | ၄၄. ၈၃၃ |
| | ၁ | | ၁ | သစ်တောဦးစီးဌာန | | | | | ၄၄. ၈၃၃ | | | | ၄၄. ၈၃၃ |
| ၄ | | ၇ | | စည်ပင်သာယာရေးအဖွဲ့များ | ၎င်း | ၅၃. ၁၂၄ | | | ၈၂. ၉၃၅ | | | | ၁၃၆. ၀၅၉ |
| | | | | ပေါင်း | | ၈၄၃. ၃၇၈ | | | ၂၀၀. ၁၁၈ | | | | ၁၀၅၃. ၄၉၆ |

# ပြည်နယ်အဆင့်နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

ဇယား(၃)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | ၂၀၁၆ခုနှစ် ချင်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေပါ အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | |
| | | | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | | |
| ၁ | | ၂ | | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | | ၁ | | လျှပ်စစ်နှင့်စွမ်းအင် | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် | | | | ၄၂၉· ၃၅၁ | | | | ၄၂၉· ၃၅၁ |
| | ၁ | | ၁ | လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်း | ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | | | | ၄၂၉· ၃၅၁ | | | | ၄၂၉· ၃၅၁ |
| | | | | ပေါင်း | | | | | ၄၂၉· ၃၅၁ | | | | ၄၂၉· ၃၅၁ |
| | | | | စုစုပေါင်း | | ၈၇၈· ၅၃၃ | | | ၃၂၅၂· ၄၀၄ | | | | ၄၁၃၀· ၉၃၇ |